သက်ဝိုင်စာပေ



ကျော်ဒွန်းဦး

# ရိုစပြ ရေးသတဲ့ . . . သရော်စာများ

# ဆိုးပေ သို့မဟုတ် ဇေယျာစိုပြေ

## (တစ်)

ဇေယျာစိုပြေ ဟူသည့်အမည်ကို သူ့ဖေ့စ်ဘွတ်မှာ ကျနော် ပထမဆုံးအကြိမ် မြင်ခဲ့မိစဉ်က နမော်နမဲ့နိုင်စွာ ကျနော် ဖတ်လိုက်သည်ကား ဇေယျာဆိုးပေ ဟူ၏ ။ နောင် သူ့အမည်ရင်းအမှန်ကို သိသော်ငြား သူ့ကို ဆိုးပေဟုသာ ကျနော် သုံးနှုန်းခေါ်ဝေါ်ဖြစ်ခဲ့သည်။ အွန်လိုင်းတွင် မခင်မင်မီကပင် ဆိုးပေ၏ စိတ်ရင်းကို သူ၏ ဖေ့စ်ဘွတ် စတေးတပ်စ်များမှတစ်ဆင့် ကျနော် အကဲခတ်မိနေခဲ့သည်။ လူရွယ်တစ်ဦးသာဖြစ်သော ဆိုးပေသည် လောကကြီးကို ပျော်ရွှင်ပေ့ါပါး သောအမြင်ဖြင့် ရှုမြင်တတ်သူဖြစ်ကြောင်း သူ မတော်တဆ ထိခိုက်ဒဏ်ရာရခဲ့စဉ်က သူတင်ခဲ့ သည့် စတေးတပ်စ်များက ဖော်ပြနေသည်။ သူ၏ ပရဟိတစိတ်ဓာတ်အခံကိုမူ ဆင်းရဲနွမ်းပါးသော သူ့အိမ်နီးနား ချင်းမိသားစုမှ ကလေးငယ်တစ်ဦး ခံစားနေရသော ဒုက္ခကို သက်သာရာရ ရေးအတွက် လှုံ့ဆော်ခဲ့သည့် စတေး တပ်စ် တစ်ခုတွင် ထင်ဟပ်နေသည်။

## (နှစ်)

နောင်သော် အားလပ်သည့်အချိန်များ၌ ကျနော်နှင့်ဆိုးပေ အွန်လိုင်းပေါ်မှာ စကားလက်ဆုံကျကာ ခင်မင် ရင်းနှီးလာခဲ့ပြီး ပြည်တွင်းထုတ်သတင်းစာ၊ ဂျာနယ်များတွင် ပုံနှိပ်ဖော်ပြခံရသော သူ့သရော်စာများကို အွန်လိုင်းမှ တစ်ဆင့်၊ ကြိုကြားမှသည် ဆက်တိုက်ဖတ်ရှုလာရသည်။ ကျနော် ကြိုတင်ခန့်မှန်းပုံဖော်ထားသကဲ့သို့ပင် သူရေးသောစာ များတွင် သူ့စိတ်ဓာတ်ကို မြင်တွေ့ရသည်။ ဗမာ့လူ့ဘောင်အဖွဲ့အစည်း၏

ချို့ယွင်း အားနည်း ချက်များကို ပုဂ္ဂိုလ်ရေးထိုးနှက်တိုက်ခိုက်ခြင်း မဟုတ်ဘဲ ရယ်ရွှင်မိရင်း တွေးတော ဆင်ခြင်ထိုက် သည့် သရော်ချက်၊ ကလိချက် များဖြင့် ထောက်ပြသည်။

သူ့အကြောင်း၊ သူ့အိမ်၊ သူ့ရပ်ကွက်အပါအဝင် သူ့ဝန်းကျင်မှ သူမြင်တွေ့နေသည့် ကမောက်ကမဖြစ်စဉ်တို့ ကို ရယ်သွမ်းသွေးကာ အပြုသဘော အထေ့အငေါ့လေသံဖြင့် သရော်စာမျိုးစုံရေးသားနေသည်ကို ထောက်ရှု လျက် သူသည် မြင်တတ်၊ ကြားတတ်၊ ခံစားတတ်သူဖြစ်ကြောင်း ပေါ်လွင်နေသည်။ ဤသည်ပင် စာရေးသူတစ် ဦး၏ မရှိမဖြစ် အရည်အချင်းပေတည်း။ သူ့စာများကြောင့် ပြုံးစိစိဖြစ်ရသည်။ ဆက်၍ အတွေးပွားဖွယ်ရာများ ဖြစ်ရသည်။

## (သုံး)

ယခုအခါ ဆိုးပေသည် သူ၏ သရော်စာများကို တစ်ပေါင်းတည်းစုစည်းကာ ပုံနှိပ်စာအုပ်အဖြစ် ထုတ်ဝေမည် ဟု ဆိုပါသည်။ ဆိုးပေကို မြန်မာစာဖတ်ပရိသတ်များ ရင်းနှီးကျွမ်းဝင်ပြီးဖြစ်သည့်အလျောက် သူ၏ ပထမဆုံးသရော်စာများ စုစည်းမှုစာအုပ်ကို လက်ကမ်းကြိုဆိုကြလိမ့်မည်ဟု ကျနော် မျှော်လင့်မိသည်။ ထိုသို့လျှင် ကြိုဆိုသင့်သည်ဟုလည်း ကျနော် ယူဆပါသည်။

အဘယ်ကြောင့်မူ စာပေနှင့်တိုင်းပြည်သည် ရေနှယ်ကြာနှယ်သာ ဖြစ်ချေ၏ ။ စာပေ မြင့်လာခြင်းသည် တိုင်းပြည် တိုးတက်စည်ပင်ရာ စည်ပင်ကြောင်း ဖြစ်၏ ။ တိုးတက်ဖွံ့ဖြိုးသော နိုင်ငံတိုင်းမှ လူမျိုးတိုင်း စာရေးခြင်း၊ စာဖတ်ခြင်း အလုပ်၌ မွေ့လျော်ကြပါသည်။ ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးနေသည့် ကျနော်တို့တိုင်းပြည် ပြန်လည်ထူ ထောင်ချိန်တွင် လူငယ်တို့ စာရေး၊ စာဖတ်ခြင်းအလုပ်၌ မွေ့ပျော်လာကြစေရန် အားပေးအားမြှောက်ပြုသင့်သည် ဟု ကျနော် မြင်ပါသည်။

## (လေး)

ပထမဆုံးသော ပွဲဦးထွက် လက်ရာဖြစ်၍ အချို့သော အရေးအသား၊ အကြောင်းအရာတို့၌ အားနည်းချွတ်ယွင်းမှု အနည်းငယ် ပါကောင်းပါနိုင်သော်လည်း နောင်မကြာမတင်ကာလများတွင် မုဆိုးစိုင်သင်သဘော ပြည့်စုံ ကောင်းမွန်လာမည်ဟု ကျနော် ယုံကြည်ပါသည်။ မည်သို့ပင်ဆိုစေ ဇေယျစိုင်ပြေ သို့မဟုတ် ဆိုးပေကို အောင်မြင်သော စာရေးဆရာတစ်ဦးအဖြစ် ကျနော်မြင်လိုပါသည်။

ဆိုးပေ စိုပြေသောဘဝကို ရပါစေသတည်း။

**ရင်းနှီးခင်မင်မှုဖြင့်**

**မင်းဒင်**

**ဖူးခက်ကျွန်း၊ ထိုင်းနိုင်ငံတောင်ပိုင်း၊**

**၂၀၁၄ခုနှစ်၊ ဩဂုတ်လ(၂၈)ရက်။**

*

## ဘာရယ်မဟုတ်

တကယ်တော့ ကျွန်တော်က နာမည် တော်တော်ကြီးချင်တဲ့ လူတစ်ယောက်ဗျ။ ပင်ပင်ပန်းပန်းလုပ်ပြီးတော့ နာမည်ကြီးအောင် လုပ်ဖို့တော့ ပျင်းပါတယ်။ စစ်ထဲဝင်ရင်လည်း တစ်နေ့ အာဏာရှင်ဖြစ်ပြီး နာမည်ကြီး ကောင်းကြီးလာနိုင်ပေမဲ့ ရှေ့တန်းမှာ သေမှာ ကြောက်ပါတယ်။ နိုင်ငံရေးသမားလုပ်လို့ ထောင်ကျသွားရင် နာမည်ကြီးမယ်ဆိုတာ သိပေမဲ့လည်း ထောင်ထဲမှာ မနေချင်ပါဘူး။

ဒါကြောင့် ပေါ့ပေါ့ပါးပါးနဲ့ နာမည်ကြီးအောင် ရုပ်ရှင်မင်းသားလုပ်မယ်လို့ ကြံပါသေးတယ်။ ကိုယ့်သားရဲ့ ရုပ်ရည်ကို သိတဲ့အမေက တားပါတယ်။ အဆိုတော်လုပ်ဖို့လည်း ကြံပါသေးတယ်။ ကျနော့် အသံကို သိတဲ့ ကေတီဗွီက ကောင်မလေးတွေက တားကြပါတယ်။

ဒီလိုနဲ့ အသက်သာကြီးလာပြီး နာမည်ကတော့ ကြီးမလာပါဘူး။ နောက်တော့ ကျနော် အွန်လိုင်းပေါ်ကို တက်လာတယ်။ အွန်လိုင်းမှာ ဆရာကြီးလို ဟိုပြောဒီပြောလုပ်ရင် နာမည်ကြီးတယ်ဆိုလို့ ဟိုပြောဒီပြောလုပ်ပါတယ်။ လူတွေ သောက်မြင့်ကပ်ပြီး ဝိုင်းဆဲကြတာပဲ ရှိပါတယ်။

ဒီလိုနဲ့ နာမည်ကြီးဖို့ ကြိုးစားရင်း ၂၀၁၃ ခုနှစ် ခရစ်စမတ်ညမှာတော့ ကမ္ဘာအေးဘုရားလမ်းပေါ်မှာ ကျနော် ကားတိုက်ခံရပါတယ်။ တစ်ခါတည်း သေသွားရင်တော့ ဂျာနယ်တွေထဲမှာပါလာပြီး နာမည်ကြီးကောင်း ကြီးနိုင်မှာပါ။

ဒါပေမဲ့ ကံမကောင်းစွာနဲ့ မသေဘဲ ပေါင်ကျိုးရုံလေး ကျိုးပါတယ်။ ဒါကြောင့် စတီးချောင်းထည့်ပြီး အိပ်ရာ ထဲမှာ ၆ လလောက်နေရတယ်။

အဲ့အချိန်တွေမှာ စာတွေ ရေးပါတယ်။ အိပ်ရာထဲ လဲနေတဲ့ အချိန်တွေဆိုတော့ စိတ်ကလည်း ညှိုးငယ်နေတယ်။ သူများတွေ အမြင်ကပ်အောင်လည်း မရေးရဲပါဘူး။ အမြင်ကပ်ရင် စားစရာ သောက်စရာတွေ လာမပို့မှာလည်း စိုးရပါတယ်။ ဒါကြောင့် သူများလည်း အမြင်မကပ်အောင်၊ ဖတ်တဲ့သူလည်း အ ဆင်ပြေအောင် ကျနော် ကြည့်မရတာ တွေကို သရော်တဲ့ပုံစံလေး ရေးကြည့်ပါတယ်။ မဆိုးပါဘူး။ အရင်ကလို အဆဲမခံရတော့ပါဘူး။

နောက်ထပ်ကံကောင်းတာက ကျနော့်မှာ ဂျာနယ်လစ်သူငယ်ချင်းတွေ ရှိတာပါပဲ။ သူတို့က ကျနော့်စာတွေ ကို စာစောင်တွေမှာ ထည့်ပေးပါတယ်။ ဒီလိုနဲ့ ကျနော် စာတွေ ဆက်ရေးဖြစ်တယ်။ အချို့စာတွေကလည်း အဆင့် မမီတော့ ဂျာနယ်တွေမှာ မပါပါဘူး။ ဒီလိုနဲ့ အွန်လိုင်းပေါ်က ဖရန့်တွေက ကျနော့်စာတွေကို စာအုပ်ထုတ်ဖို့ တိုက်တွန်းပါတယ်။ သူတို့ မတိုက်တွန်းလည်း ကျနော်ကတော့ ထုတ်မှာပါပဲ။ ကိုယ်က နာမည်ကြီးချင်တာဆိုတော့ စာရေးဆရာဖြစ်လည်း နည်းလားဆိုပြီးတော့ပေ့ါလေ။

အခုတော့ အဲ့စာတွေကို စုစည်းပြီးတော့ စာအုပ်အဖြစ် ထုတ်ပါပြီ။ ရုပ်ရှင်ရိုက်ဖို့ ရုပ်ဆိုးတဲ့၊ အဆိုတော်လုပ် ဖို့ အသံမကောင်းတဲ့ ကျနော် စာရေးဆရာ လုပ်ပါတော့မယ်။

စာထဲမှာ လှောင်ထား၊ ပြောင်ထားတဲ့ လူတွေအနေနဲ့လည်း ကျနော် နာမည်ကြီးဖို့ ဝိုင်းဝန်းကူညီတယ်လို့ပဲ သဘောထားပြီး စိတ်မဆိုးဖို့လည်း ပြောထားချင်ပါတယ်။ စိတ်ဆိုးရင်လည်း ထွက်သမျှ စာအုပ် အကုန်ဝယ်ပြီး သိမ်းထားလိုက်ပါလို့ ပြောချင်ပါတယ်။

ကိုယ့်ဘာသာကိုယ်ဆိုရင်တော့ တစ်သက်နဲ့တစ်ကိုယ် စာအုပ်တစ်အုပ်အဖြစ် ထွက်လာမယ်တောင် မထင် ပါဘူး။ ဒီစာအုပ်ဖြစ်မြောက်အောင် ကူညီတဲ့ လူတွေက မနည်းလှပါဘူး။ စာအုပ်အတွက် ကျနော်လုပ်တာဆိုလို့ စာ ရိုက်တာလေးတစ်ခုပဲ ရှိပါတယ်။

ဘာပဲဖြစ်ဖြစ် အဲ့လူတွေကိုတော့ ကျေးဇူးတင်ကြောင်း စာလေး ထည့်ရေးမှ နောက်တစ်ခါ ကူညီကြမှာလို့ လည်း တွေးမိပါတယ်။

စာတွေကို ထည့်ပေးတဲ့ လူတွေဖြစ်တဲ့ ကိုအောင်စိုး၊ ကိုမင်းထက်စံ၊ ကိုတည်ကြည်အေး၊ ကိုစောလင်း အောင်၊ ကိုဆောင်းဖြူ၊ ကိုကျော်မျိုးမင်းတို့၊ စာအုပ်တစ်အုပ်ဖြစ်လာဖို့ အစအဆုံး ကူညီတဲ့ အောင်ကျော်၊ မျက်နှာ ဖုံးကို ဖရီးဆွဲပေးတဲ့ မန္တလေးက လူရွှင်တော်ကြီး ကျော်ဒွန်းဦး၊ အတွင်းသရုပ်ဖော်တွေအားလုံးကို ဈေးနည်းနည်းနဲ့ ဆွဲပေးတဲ့ ကိုဖေသစ်တည်။

စာရေးနည်းကို အမြဲသင်ပေးပြီး ဒီစာအုပ်မှာလည်း အမှာစာ ရေးပေးထားတဲ့ ဆရာမင်းဒင်၊

ပုံနှိပ်ဖို့၊ ဖြန့်ချိဖို့နဲ့ ထုတ်ဝေရေးကိစ္စ အဝဝကို ဆောင်ရွက်ပေးတဲ့ သက်ခိုင်စာပေက မစိမ်းစိမ်း၊

စာအုပ်အတွက် ကုန်ကျငွေတွေ အားလုံးကို ပြန်မယူဘဲ စိုက်ထုတ်ပေးတဲ့ ငယ်ငယ်တုန်းက ဆရာဖြစ်ခဲ့ပြီး အခု အမေရိကရောက် ကိုကြီး တင်ထွန်း၊

အိပ်ရာထဲလဲနေစဉ် အေးအေးဆေးဆေး စာရေးနိုင်အောင် ရှာဖွေချက်ပြုတ်ကျွေးမွေးတဲ့ ဒေါ်မြင့်မြင့်သန်း၊ မဝင့်ကလျာကျော်၊ ကိုတိုးဝေတို့ကို ကျေးဇူးတင်ပါတယ်လို့။

ဒါ့အပြင် ကျေးဇူးမတင်မဖြစ် တင်ရမယ့် လူတစ်ယောက်လည်း ကျန်ပါသေးတယ်။ အဲ့ဒါကတော့ အိပ်ရာထဲ မှာ အေးဆေးစာရေးစာဖတ်လို့ရအောင် ကားနဲ့ တိုက်သွားခဲ့တဲ့ လူကိုပါ။ ဖြူသလား၊ မည်းသလား၊ ကျားလား မ, လား မသိရတဲ့ ပြိုင်ကားသမားကိုလည်း ကျေးဇူးအထူးတင်ရှိပါကြောင်း.........

**စိုးပြေ**

*

# ၁။ သုံးသိန်းကျော် ပေးရန် မလို




သမ္မတကြီး ဦးသိန်းစိန်က သုံးသိန်းကျော် လက်ဆောင်ယူလျှင် လာဘ်ပေးလာဘ်ယူအဖြစ် သတ်မှတ်ပြီး အရေးယူမည်ဟု အမိန့်ထုတ်လိုက်သည်။

ဝန်ထမ်းတွေ သမ္မတကြီးကို ကျေးဇူးတင်ကြသည်။ သူတို့ ရင်ထဲက အလုံးကြီး ကျသွား၍ ဖြစ်သည်။

စိတ်ထဲလည်း ပေါ့သွားကြ။ တော်ပါသေးရဲ့ ဟုလည်း ရေရွတ်ကြသည်။

အခုမှ ဂဏန်းငြိမ်သွားသည်။ သမ္မတပြောသည့် သဘောကတော့ “သုံးသိန်းအောက် ဆိုလျှင် အရေးမယူ ဘူး” ဆိုသည့်သဘော ဖြစ်သည်။

လာဘ်ပေးလာဘ်ယူ၊ ခြေထောက်ပေးခြေထောက်ယူသည့် ကိစ္စက ဟိုးအရင်ခေတ် တစ်လျှောက်လုံး စွဲခဲ့ပြီးသွားပြီ။ ဖျောက်ဖျက်ရန် ခက်သည်။ ဝန်ထမ်းတွေကလည်း ကြိုက်ကြ သည်။ ပြည်သူများကလည်း ခိုက်ကြသည်။

ဝန်ထမ်းတွေက လက်ဖက်ရည်ဖိုးလေးမှ မတောင်းလိုက်ရလျှင် စိတ်ထဲ ခိုးလိုးခုလု ဖြစ်တတ်သလို ပြည်သူ တွေကလည်း မုန့်ဖိုးလေးမှ မပေးလိုက်ရလျှင် စိတ်ထဲမကောင်း။

“အားနာစရာကြီး” ဟု ရေရွတ်ကြသည်။

ခေတ်ပြောင်းကာစမှ ယခုအချိန်အထိ ဝန်ထမ်းတွေခမျာ ကြီးလန့်စာစားဖြစ်ခဲ့ရသည်။ ဘယ်အချိန်များ လာဘ်စားတယ်ဆိုပြီး အရေးယူခံရမလဲဟု တွေးလန့်နေကြရသည်။

အစကတော့ သိပ်မဆိုးသေး။ နောက်ပိုင်းတော့ လွှတ်တော်က လူကြီးတွေ အိပ်ရာမှ နိုးပြီး လာဘ်ပေး လာဘ်ယူဥပဒေတွေ ဘာတွေ ပြဋ္ဌာန်းလာကြသည်။ ဟိုကော်မရှင်၊ ဒီကော်မရှင် တွေကလည်း တရားရုံးတွေ၊ မတ ရားရုံးတွေ လိုက်စစ်သည်။

ထို့ကြောင့် ဝန်ထမ်းတွေ ကြီးလန့်စာစား ဖြစ်ခဲ့ရခြင်း ဖြစ်သည်။ စစ်အစိုးရခေတ်ဆိုလျှင် ဒါမျိုးမဖြစ်။ အရင် ခေတ်ဟောင်းကို ပြန်တမ်းတသည့် ဝန်ထမ်းတွေ များလှသည်။

ခေတ်ပြောင်းပြီးနောက် ဝန်ထမ်းတွေခမျာ လက်ဆောင်နှင့် ငွေကြေးကို ပုံမှန်ဖောက်သည် တွေဆီကပဲ ယူရဲ တော့သည်။

ဒါတောင် ခပ်လန့်လန့်ဖြစ်သည်။ မတော်လို့ တိုင်လိုက်လျှင်

ပြုတ်သွားနိုင်သည်။ အရင်တုန်းက လက်ဖက် ရည်ဖိုးနှင့်
စေတနာကြေးပေးနေကြသူများကလည်း ခေတ်ပြောင်းပြီး နောက်
လူပါး၀လာသည်။ တောင်းတိုင်းမပေး တော့။ တိုင်မည်တောမည် လုပ်တတ်သည်။

ဟိုးအရင်ခေတ်ကလို ဘယ်လောက်ပေးမှ လုပ်ပေးနိုင်မယ်လို့လည်း မပြောရဲ။ ဂျာနယ်တွေထဲ ပါမှာလည်း ကြောက်ရသေးသည်။

"စေတနာရှိသလောက်သာ ပေးပါ" ဟု ပြောရသည်။ အချို့ကလည်း တော်တော် စေတနာရှိသည်။ အချို့ လူတွေကလည်း စေတနာနည်းသည်။

ဒါကြောင့် ရုံးခန်းများတွင် "စေတနာသည် ကံ" ဟူသော စာတန်းကိုချိတ်ထားရခြင်း ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် အခုတော့ အေးအေးဆေးဆေး ဖြစ်သွားပြီ။ ပေါ်တင်တောင်းရဲပြီ။ သုံးသိန်း မပြည့်အောင် တောင်းလျှင် ဘယ်သူ့ကိုမှ တိုင်လို့မရ။

"တိုင်ချင်ရာတိုင် ငါတောင်းတာ သုံးသိန်းတောင် မပြည့်ဘူး"

ဟု ခါးကော့ရင်မော့ကာ ပြောနိုင်သည်။

အရင်ကတော့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို တစ်ခါ၀င်လျှင် ၂၀၀၀ကျပ်ပေးရသည်။ ယခုဆိုလျှင် ၀င်ကြေး ဈေးတက်သွားမည် ထင်သည်။ တစ်ခုခု ဖြစ်လာလျှင် သုံးသိန်းမပြည့်ဟု စောဒကတက်လိမ့်မည်။

သုံးသိန်းမတောင်းဘဲ နှစ်သိန်းလောက် တောင်းသည့် ၀န်ထမ်းကိုပင် ကျေးဇူးတင်စရာ ကောင်းမည့် ပုံစံဖြစ် သည်။

ကမ္ဘာတွင်တော့ မြန်မာနိုင်ငံက လာဘ်ပေးလာဘ်ယူမှု အများဆုံးနိုင်ငံအဖြစ် စာရင်းပေါက်သည်။ နောက် ဆိုလျှင် ထိုစာရင်းပျောက်သွားတော့မည်။ မြန်မာနိုင်ငံတွင်တော့ သုံးသိန်းအောက်က လာဘ်ပေးလာဘ်ယူမှု မမြောက်ကြောင်း သမ္မတကြီးကိုယ်တိုင်က အမိန့်စာ ထုတ်ပြီး

သက်သေပြလိုက်ပြီ ဖြစ်သည်။

နောက်ဆိုလျှင် နိုင်ငံတကာက လူတွေ မြန်မာပြည်မှာ ဝန်ထမ်းအဖြစ် လုပ်ကိုင်ချင် လာကြလိမ့်မည်။ တရားဝင် လာဘ်ငွေ သုံးသိန်း မကျော်လျှင် ယူလို့ရနေသည် မဟုတ်ပါလား။

သမ္မတကြီး အမြော်အမြင် ကြီးလွန်းသည်။

တကယ်တော့လည်း သုံးသိန်းအထက်က ကြီးကြီးပိုင်းတွေမှာသာ အဖြစ်များသည်။ အငယ်ပိုင်းတွေကတော့ သောင်းကြီးပိုင်းလောက်နှင့်သာ ပြီးတာများသည်။ အကြီးပိုင်းတွေကို သာ ထိခိုက် နိုင်သည်ဟု ထင်စရာ ရှိသည်။ ဒါပေမဲ့ အကြီးပိုင်းတွေက နပ်သည်။ ပါးသည်။ ဖြတ်သန်းလာခဲ့သည့် အတွေ့အကြုံ တွေရှိသည်။

ဟိုးအရင် နယ်မြို့ကြီးတစ်မြို့တွင် ပြည်သူ့ဝန်ထမ်းအရာရှိကြီး တာဝန်ထမ်းဆောင်သည်။ ထိုအရပ်တွင် လောင်းကစားကိစ္စတွေ ဖြစ်ထွန်းသည်။ လောင်းကစားဒိုင်များက အရာရှိကြီးကို လာဘ်ထိုးသည်။ မရ။ အရာရှိကြီး က မယူ။ တစ်ခွန်း နှစ်ခွန်းပဲပြန်ပြောသည်။

"ဒီတစ်ပတ် ပေါက်မယ့်အကွက် ၁,၀၀၀ ဖိုး ထည့်ထားလိုက်"

ဆိုသောစကားနှင့်

"ဒီနေ့ည နိုင်မယ့်အသင်း ၁ သိန်းဖိုးလောက် ထည့်ထားလိုက်ကွာ"

ဆိုသည့် စကားများသာ ဖြစ်သည်။

ဒါကြောင့် ယခု ၃ သိန်းအထက် လက်ဆောင်ယူလျှင် လာဘ်စားသည်ဟု သတ်မှတ်မည် ဆိုတော့ အခြား နည်းလမ်းများကို ရှာလိမ့်မည်။ နည်းလမ်းများကလည်း ရှိနေကြသည်။

တစ်ခါက လူကြီးတစ်ဦး ကားရှိုးရွှန်းသို့ သွားရောက်လည်ပတ်သည်။

ရှိုးရွှန်းပိုင်ရှင်က ထိုလူကြီးနှင့် ပတ် သက်မှုရှိနေသည်။ လူကြီးက

“ဒီကားလေးလှလိုက်တာ၊ ဘယ်လောက်လဲကွ”

ဟု သိန်းရာထောင်ချီတန်သည့် ကားကြီးကိုကြည့်ရင်း မေးလိုက်သည်။

ရှိုးရွှန်းပိုင်ရှင်က

“အဘအတွက်ဆိုရင် ဒီကားကို ၁ သိန်းနဲ့ ရောင်းပေးပါမယ်”

ဟုပြောလိုက်သည်။ လူကြီးက

“ဒါဆိုလည်း နှစ်သိန်းပေးမယ်။ ဒီကားမျိုးနှစ်စီး ငါ့အိမ်ကို ပို့ထားလိုက်”

ဟု ပြောသွားသည်။ ကားရှိုးရွှန်းပိုင်ရှင်ခမျာတော့ အောင့်သက်သက်။

လာဘ်ပေးနည်း နောက်တစ်မျိုးကတော့ ဂေါ့ဖ်ရိုက်ရင်း အရှုံးပေးလိုက်ကြ၏ ။ လူကြီးစိတ်ချမ်းသာဖို့ အရေး ကြီးသည် မဟုတ်ပါလား။

အချို့ကလည်း သုံးသိန်းအောက်ဆိုတော့ ၂၉၉,၉၉၉ ကျပ်ကို အကြိမ်ကြိမ် ခွဲပေးမည်ဟု စဉ်းစားကြသည်။ လာဘ်ထိုးနည်းက သူ့နည်းနှင့်သူရှိသည်။ ဘာပဲဖြစ်ဖြစ် ဝန်ထမ်းငယ်တွေ အတွက်တော့ အသက်ရှူချောင်သွား သည်။ ဒါပေမဲ့ စည်းကမ်းလိုက်နာမှ ဖြစ်မည်။ သုံးသိန်းတော့ ကျော်လို့မဖြစ်။ လက်ဆောင်ပေးမည့်သူများကိုလည်း တိုးတိုးတိတ်တိတ်မှာထားရမည်။ နှစ်သိန်း ကိုးသောင်း ကိုးထောင့်ကိုးရာကိုးဆယ့်ကိုးကျပ်တန်လောက်သာလုပ်ပါဟု ပြောရမည်။ နောက်ဆို လျှင် ဆောင်ပုဒ်တွေ ဘာတွေတောင် ပြောင်းလာနိုင်သည်။

“လာဘ်ပေးရန်မလို” ဟူသော စာသားအစား “သုံးသိန်းကျော် ပေးရန်မလို” ဟူသော စာသားပြောင်းချိတ် လိမ့်မည်။ အခုတောင် ဆိုင်းဘုတ်အပ်ပြီးလောက်ပြီ ထင်သည်။ မကြာမီ ချိတ်တော့မည်။

ဝန်ထမ်းများကတော့ အခုအမိန့်သည် သမ္မတကြီးက ဝန်ထမ်းများ၏

ဘဂကို မြှင့်တင်ခြင်း ဖြစ်သည်ဟု ထင် ကြ၏။ အစက လက်ဆောင်ပေးလျှင် သောင်းဂဏန်းတန်လောက် ပေးကြသည်။ ဝန်ထမ်းအငယ်တွေလည်း သောင်းကြီးပိုင်းလောက်ပဲ ရကြသည်။ ယခုတော့ သောင်းပိုင်းလောက် ရနေသော ဝန်ထမ်းတွေ ဈေးတက်သွားပြီ။ သုံးသိန်းတန်တွေဖြစ်သွားပြီ။ ဝန်ထမ်းတွေကတော့ "အော်... သမ္မတကြီးက ငါတို့ လခတွေမလောက်မင ဖြစ်နေတာကို ကူညီတာပဲ" ဟု တွေးကာ ကျေးဇူးတင်သည်။

"သမ္မတကြီး စေတနာကို အသိအမှတ်ပြုသောအားဖြင့် ၂၉၉,၉၉၉ လောက် တောင်းလိုက်ဦးမှပါ" ဟုလည်း တွေးကြသည်။ အချို့လူတွေကတော့ ငါတို့ အစိုးရဝန်ထမ်း မလုပ်မိတာ နာလေခြင်းဟု မကျေမချမ်းရေရွတ်လေ ၏ ။

ပြည်သူတွေကတော့ "ဖိုးပေးချင်" များ ဖြစ်သည်။ အစစအရာရာ ကျပ်တည်းသည့် ခေတ်များကို ဖြတ်သန်း လာခဲ့ရသဖြင့် ကိုယ့်ကိစ္စ တစ်ခုခုအောင်မြင်သွားလျှင် ဆောင်ရွက် ပေးသည့် ဝန်ထမ်းကို ကျေးဇူးတင်သည်။ အမှန်တော့ ဝန်ထမ်းကလည်း ဝန်ထမ်းအလုပ် လုပ်ခြင်းသာဖြစ်သည်။ ဒါပေမဲ့ ပြည်သူတွေကမရ။ ပေးလိုက်ရမှ ကျေနပ်သည်။ လုပ်ငန်း အောင်မြင်သဖြင့် ဝန်ထမ်းတွေကို လက်ဆောင်ကြီးငယ် ပေးခဲ့ကြသည်။ ဝန်ထမ်းများ ကလည်း တစ်ခါရဖူးသွားလျှင် အရူးအမဲသားကျွေးမိသလို လုပ်ပေးတိုင်း တောင်းတော့သည်။

စီးပွားရေးသမားအချို့ကလည်း စီးပွားရေးအကွက်အကွင်း မြင်သည်။ ၁,၈၀၀ ကျပ်တန် ဆိုင်တွေ ရှိသလို ၃ သိန်းမကျော်သော ဆိုင်တွေ ဖွင့်ဖို့ပြင်ဆင်နေကြသည်။ လက်ဆောင်ပစ္စည်း သီးသန့်ရောင်းလိမ့်မည်။ အချို့ ပစ္စည်းများ သုံးသိန်းကျော်နိုင်သော်လည်း ဘောက်ချာတွင် လျှော့ရေးလိမ့်မည်။ ဈေးကိုတော့ ပိုယူမည့် သဘော မျိုးဖြစ်သည်။

နောက်ဆိုလျှင်တော့ ၂၉၉,၉၉၉ ကျပ်နှင့် ပတ်သက်သည့် သတင်းတွေကြားလာရနိုင် သည်။ ဂျာနယ်များ၏ ထုံးစံအတိုင်း ၂၉၉,၉၉၉ ကျပ် မပေးနိုင်လို့ ထောင်ကျသူတို့၊ ၂၉၉,၉၉၉ ကျပ်ကြောင့် ဒုက္ခရောက်သွားသူများတို့

ခေါင်းစဉ်တပ်ကြလိမ့်မည်။ ဂတ္ထုတွေ ရေးကြမည်။ ဂတ္ထုထဲတွင် ဝန်ထမ်းဖြစ်နေသော မင်းသားက ၂၉၉,၉၉၉ ကျပ် တန် လက်ဆောင်ထင်၍ ယူလိုက်ပြီးမှ စစ်ဆေးရေး ဝင်သောအခါ ဈေးတက်သွားပြီး သုံးသိန်းကျော်သွားသဖြင့် အ ရေးယူခံလိုက်ရသောဇာတ်လမ်း။

ထိုဇာတ်လမ်းကို ရုပ်ရှင်တွေ ရိုက်ကြမည်။ ပြည်သူတွေက ဝန်ထမ်းကို သနားကြ။ အကယ်ဒမီတွေ ဘာ တွေရ။ ကံကောင်းလျှင် နိုင်ငံတကာအထိပေါက်ပြီး မြန်မာ့နည်းပြန်မာဟန် ၂၉၉,၉၉၉ ကျပ်တန် လက်ဆောင်ကိစ္စ လည်း ကမ္ဘာကျော်သွားနိုင်သည်။

ဘာပဲဖြစ်ဖြစ် ယခုအချိန်ကတော့ အစိုးရဝန်ထမ်းများ ကံဇာတာအမြင့်ပိုင်းသို့ရောက်နေ လေပြီ။ အားကျစရာ ကောင်းလှသည်။

**(၂၃. ၃. ၂၀၁၄ ရက်နေ့ထုတ် The Voice သတင်းစာ)**

*

## ၂။ ပေါ်ပေါ့ပေါ် သင်္ကြန်




သင်္ကြန်ကာလက မဏ္ဍပ်ပေါ်တွင် ဝတ်လစ်စလစ်အမျိုးသမီးများ ကနေကြသည်။ အောက်ခံဘောင်းဘီတို လေးတွေနှင့် ဖြစ်သည်။ အမျိုးသားများ

အားပါးတရကြည့်ကြသည်။ ကြည့်လို့ မဝသဖြင့် ဖုန်းကင်မရာများဖြင့် ဓာတ်ပုံရိုက်လိုက်ကြသေးသည်။

ဖုန်းရေစိုမည်ကိုပင် ဂရုမစိုက်။

ထိုပုံများ အွန်လိုင်းပေါ်သို့ တက်လာသည်။ အမျိုးသားများ သဘောကျကြသည်။

အချို့သွားရည်တွေပင် ကျကုန်၏ ။

ထိုမဏ္ဍပ်ကို မရောက်ခဲ့သည်ကိုပင် အားမလိုအားမရဖြစ်ကုန်ကြသည်။ နောက်နေ့ ထိုမဏ္ဍပ်ကို အရောက် သွားရန်ပင် စိတ်ကူးကြသေးသည်။ ထိုအွန်လိုင်းပေါ်သို့ တက်လာသည့် ပုံများကို ကိုယ့်သူငယ်ချင်းများကိုလည်း မြင်စေချင်သည်။ ထို့ကြောင့် ဖြန့်ဝေကြသည်။ သို့သော် ဒီအတိုင်း ဖြန့်လို့မဖြစ်။ ကိုယ့်ကို နှာဘူးဟု အထင်ခံရနိုင် သည်။ အွန်လိုင်းပေါ်တွင် ဂုဏ်သိက္ခာရှိသူများဖြစ်သဖြင့် နှာဘူးဟု အထင်ခံရလို့မဖြစ်။ ဒါကြောင့် ထိုပုံများကို ဖြန့် ဝေရာတွင်

“ရိုးရာယဉ်ကျေးမှုကို ဖျက်ဆီးသူတွေ”

“ရှုံစရာကောင်းလိုက်တာ”

“အစိုးရက ဒီအတိုင်း ကြည့်နေမှာလား။ အရေးမယူဘူးလား”

“အရှက်မရှိဘူး”

စသည့် စာများ ရေးကာ ဖြန့်ကြသည်။

ဖြန့်သဖြင့် ပြန့်ကုန်သည်။ ပြန့်ကုန်သဖြင့် လူသိများသွားသည်။ အချို့လည်း ထိုပုံအောက်တွင် သွားဆဲကြ သည်။ မအေနှမ အပျက်မ စုံအောင်ဆဲကြသည်။ ဆဲတာတွေက ကြမ်းလွန်းသဖြင့် အချို့မေတ္တာရှင်ကြီးများက ထိုဝတ်လစ်စလစ်အမျိုးသမီးများကို သနားသွားကြ သည်။ ပြတာက နည်းနည်း၊

ဆဲတာက များများတွေဖြစ်ကုန်သည်။ တကယ်တော့ ဆဲသူအမျိုးသား များလည်း အားရအောင် ကြည့်ပြီးမှ ဆဲကြခြင်းဖြစ်သည်။ စိတ်ထဲက သဘောကျ သော်လည်း သူများတွေ ဆဲတာမြင်သဖြင့် ကိုယ်မှမဆဲလျှင် ခေတ်မမီဟု ထင်ကာ ခေတ်မီအောင် ဆဲကြသည်။

အမျိုးသမီးများကတော့ ထိုကဲ့သို့ ဝတ်စားမှုအပေါ်တွင် မှတ်ချက်မပေးရဲပေ။ မှတ်ချက်ပေးလိုက်လျှင် ကိုယ့်ပါ ရောယောင်ကာ အဆဲခံရနိုင်သည် မဟုတ်ပါလား။ သူတို့ ကတော့ အမျိုးသမီးအခွင့်အရေးဆုံးရှုံးသည်ဟု ခံစား နေရနိုင်သည်။

အချို့ကလည်း ဒီမိုကရေစီကို အပြစ်တင်ကြသည်။ ဒီမိုကရေစီခေတ်မို့ ဒီလို ဖြစ်လာတာဟု ဆိုကြသည်။ ဦးသန်းရွှေခေတ်တုန်းကဆို ဒီလို ဘယ်လုပ်ရဲမလဲဟု မှတ်ချက်ပြုကြပြန်သည်။ အချို့ကလည်း တိုးတက်လာသ ဖြင့် ဒါတွေကို လက်ခံဖို့ လိုသည်ဟု ပြောကြပြန်သည်။ ဒီလိုနှင့် ဖော်တာချွတ်တာကောင်းတယ် မကောင်းဘူး အ ငြင်းအခုန်တွေ ဖြစ်ကုန်သည်။

ထိုသို့ကြည့်ကြရှုကြဖြန့်ကြေဂကြဆဲကြဆိုကြပြီးသောအခါတွင်တော့ သတင်းတစ်ခု တက်လာသည်။ ထိုအ ကမယ်တွေသည် မြန်မာပြည်မှ မဟုတ်ဘဲ ထိုင်းနိုင်ငံမှ အခြောက်တွေဟု စီစဉ်သူကြီးက ဆိုလာသည်။ အမျိုးသမီး ထင်၍ အားရပါးရ ငမ်းပြီးမှ အခြောက်တွေဟု သိသွားသောအခါ အမျိုးသားအချို့ စိတ်ပျက်သွားကြသည်။

ဒါကြောင့် ထပ်ဆဲကြပြန်သည်။

မြန်မာ့ယဉ်ကျေးမှုကို လာဖျက်ဆီးတာ။ မြန်မာအကမယ်တွေကို သက်သက်နှိမ်တာ။ နိုင်ငံခြားက ခေါ်သ ဖြင့် နိုင်ငံခြားငွေတွေ ကုန်တယ်။ ဒါ မြန်မာတွေကို လူရာမသွင်းတာ စသည်ဖြင့် ပြောဆိုကြသည်။

ပြဿနာက သကြင်္န်ပြီးသည်အထိ အဆုံးမသတ်နိုင်သေး။ ထိုပွဲ

စီစဉ်သူကြီးက ပြန်ပြီး ခွန်းတုံ့ပြန်လိုက် သည်။ မြန်မာတွေ ထိုင်ဝေဖန်မနေဘဲ အလုပ်လုပ်လျှင် မြန်မာပြည် ပိုတိုးတက်နိုင်မည်ဟု အဓိပ္ပာယ်ပါသော စကားနှင့်ဖြစ်သည်။ ဝေဖန်သူတွေ ဟတ်ကော့ကြီး ဖြစ်သွားသည်။ သို့သော် အလုပ်လုပ်တာက ပင်ပန်းသည်။ ဆဲတာက လွယ်သည်ဟု တွက်ပုံရသည်။ ထပ်ဆဲကြပြန်သည်။

ထိုသို့ ဆဲဆို ဝေဖန်သည့် အကျိုးဆက်များအရ ထိုမဏ္ဍပ်ကို Black List သွင်းလိုက်လေ သည်။ နောက်နှစ် မဏ္ဍပ်ဆောက်ခွင့်မပြုတော့ဟု အစိုးရအဖွဲ့က ကြေညာလိုက်သည်။

အမျိုးသားများ စိတ်ညစ်သွားကြသည်။ နောက်နှစ်ဆို ဝတ်လစ်စလစ်ပုံများကို မမြင်ရတော့ဘူးဟုလည်း တိုးတိုးတိတ်တိတ် ညည်းကြသည်။ စိတ်ထဲက မပါဘဲ နှာဘူးဟု အထင်ခံရမည် စိုးသဖြင့် ဆဲခဲ့ ဝေဖန်ခဲ့သည်များ အတွက် နောင်တရကြလေသည်။

ထိုမဏ္ဍပ်ရှင်ကတော့ ဝမ်းသာနေသည်။ မဏ္ဍပ်မဆောက်။ အကအဖွဲ့မငှားရတော့သဖြင့် အလုပ်မရှုပ် ပိုက် ဆံမကုန်သောကြောင့်ဖြစ်သည်။

မည်သို့ပင်ဆိုစေ ထိုပွဲကို စီစဉ်သူကြီးနှင့် မဏ္ဍပ်ဆောက်သည့် အရက်ကုမ္ပဏီကတော့ ဆဲကြ ဖြန့်ကြသူတို့ ကို ကျေးဇူးတင်နေပေလိမ့်မည်။ ထူးထူးထွေထွေ ကြော်ငြာစရာ မလိုဘဲ ကုန်ပစ္စည်း နာမည်ကြီးသွားသောကြောင့် ဖြစ်သည်။

**(၂၀၁၄ ခုနှစ် ဧပြီလ ၂၈ ရက်နေ့ထုတ် The Voice သတင်းစာ)**

*